ကမ္ဘာ…ကမ္ဘာအဝေး ……

(တစ်)

“တို့နှစ်ယောက် ဘုရားကျောင်းကိုသွားရအုန်းမယ်လေ” ဆိုတဲ့ ကျနော့်ဇနီးသည်ရဲ့ သတိပေးစကားကြောင့် အင်တာဗျူးလာတဲ့ ဆရာမလေးက အားနာသွားပုံရပါတယ်။ ကျနော့်မျက်နှာကို မော့ကြည့်နေတဲ့ သူ့မျက်နှာမှာ သူ့ကိုယ်သူ လုံးဝအပစ်ပုံချထားလိုက်တဲ့ စိတ်ဆင်းရဲမှု အစုအပုံကြီးကို ကျနော်မြင်နေရတယ်။

တကယ်တော့ အပစ်ရှိတာက ကျနော်ပါ။

ယောက်ကျားတယောက်အနေနဲ့ အိမ်ထောင်တခုကို ပြည့်စုံကုံလုံအောင်ရှာဖွေမပေးနိုင်ခဲ့တာ… သားသမီးတွေသာ မွေးဖွားစေခဲ့ပေမယ့် သူတို့ပညာရေး၊ ကျန်းမာရေးတွေကို တာဝန်တခုမှ ယူမပေးနိုင်ခဲ့တာ၊ မိဘထက်တဆင့်မြင့်တဲ့ အဆင့်တခုရောက်အောင် ပုခုံးထမ်း တင်မပေးနိုင်တဲ့ နိုင်ငံကိုကယ်တင်ဖို့ကြိုးစားနေတဲ့ ကျနော့်ကို သူတို့ထားခဲ့တယ်ဆိုရင် ဒါဟာ ညီမျှတဲ့ တန်ပြန်သက်ရောက်မှုတခုပဲရယ်လို့ ကျနော် ကျေကျေနပ်နပ်ကြီး အထီးကျန်နေခဲ့ရဲရမှာပါ။

လာမယ့် သီတင်းနှစ်ပတ်လွန်မြောက်တဲ့အချိန်မှာ ကျနော့်မိသားစုအားလုံး ကျနော့်ကိုထားရစ်ခဲ့ပြီး ကမ္ဘာ့မြောက်ဖျားပိုင်းကို ခရီးနှင်ကြတော့မယ်၊ ဒါဟာ ကျနော်တို့အားလုံး လွန်ခဲ့တဲ့ လေးနှစ်လောက်ကတည်းက ကြိုတင်စဉ်းစားခဲ့ကြ ဆုံးဖြတ်ခဲ့ကြတာပါ။ အဲဒီတုန်းက လုပ်သင့်တာကိုလုပ်လိုက်တာမို့ ဒီလိုအနီးကပ်မှာ ခံစားရမယ့် ဝေဒနာကို ကျနော်တို့လျှော့တွက်ခဲ့ကြတယ်။ ဟိုတုန်းကလည်း ကျနော်က အိမ်ကပ်ရတဲ့သူမဟုတ်၊ အမြဲခရီးထွက်နေတဲသူဆိုတော့ ကျနော် သူတို့အနားမှာ ရှိခြင်း မရှိခြင်းဟာ ဘာမှ ထူးဆန်းတဲ့ကိစ္စတခု မဟုတ်ဘူးရယ်လို့ နှစ်ဦးနှစ်ဘက်လုံးက အယူလွဲခဲ့ကြတယ်ဆိုပါတော့။

သံရုံးအင်တာဗျူးနှစ်ကြိမ်ဝင်ပြီးတဲ့အချိန်ကစပြီး ကျနော့်ဇနီးဟာ တွေဝေငေးငိုင်စပြုလာတယ်။ ကျနော့ကို အရိပ်လိုကြည့်ပြီး ကလေးလေးတယောက်ကိုပြုစုယုယသလိုမျိုးတွေလုပ်လာခဲ့တယ်။ ကျနော့်ကျန်းမာရေးညံ့ရတာက မွေးရာပါပါ။ နှလုံးရောဂါဖြစ်လာရတာကတော့ နိုင်ငံရေးသမားပီပီ ဒေါသကိုချုပ်တည်းရတာတွေ၊ မျိုသိပ်စောင့်စည်းရတာတွေ၊ ခန္ဓာနဲ့ဝန်မမျှအောင်ထမ်းခဲ့ရတဲ့ဝန်တွေ၊ ထွက်ခဲ့ရတဲ့ ခရီးကြမ်းတွေကြောင့်သက်သက်ပါ။

“အေး…အရင်ကဆို တောထဲတောင်ထဲမှာ ပြေးရပုန်းရ စားစရာမရှိ၊ အိမ်မရှိနဲ့ ဒီကလေးတွေတောင် ဒီအရွယ်ရောက်မှ ဘာလို့များ နိုင်ငံခြားသွားချင်စိတ်ပေါ်ခဲ့ရပါလိမ့်လို့ ငါတွေးမိတယ်။ အခုဆိုရင် အကြီးမက ကျောင်းသားဆေးခန်းက ဖွင့်တဲ့ကျောင်းမှာ ဆရာမလုပ်လို့၊ အငယ်မလေးကလည်း ဆယ်တန်းအောင်ပြီးလို့ ကေအီးဒီစီမှာ ကျောင်းတက်နေရတာပဲ။ ကျမဆိုရင်လည်း ဒီမှာ အလုပ်ကလေးဘာလေးလုပ်နေရတာပဲ။ လစဉ်ရနေတဲ့ရိက္ခာနဲ့ ဒီမှာနေရတဲ့ဘဝလည်း သိပ်ဆိုးတာမှမဟုတ်ဘဲနဲ့၊ နော်…”

ကျနော့်ဇနီးက ဒီလိုပြောတော့ အင်တာဗျူးလာလုပ်တဲ့ စာရေးဆရာမလေးမျက်နှာက ငိုမဲ့မဲ့ဖြစ်သွားတယ်။ ကျနော့်ဇနီးက သူ့ကို တယောက်ယောက်က ပြင်းပြင်းထန်ထန်ဝေဖန်ရှုပ်ချတာကို လိုချင်နေတဲ့ပုံ။ ဒါဟာ မကြာခင်ကမှ သွေးအန်ပြီး ဆေးရုံရောက်ရတဲ့အကြောင်းရင်းမှန်ပါပဲ။ ကျနော်က သူ့ကို အဲဒီလိုစိတ်ဝေဒနာတွေပွေ့ပိုက်ပြီးတော့မှ ကျနော့နားကခွာသွားရတာမျိုး မဖြစ်စေချင်ဘူး။ ကျနော် ကြိုတင်ပြီးလွမ်းမိနေရတာက ကျနော့်ကဏ္ဍသပ်သပ်ပါ။

ဒီလိုနဲ့ အင်တာဗျူးတဲ့ကိစ္စက စနေနေ့မနက်ပိုင်းမှာ အတည်ဖြစ်သွားတယ်။

(နှစ်)

ကျနော့်ဇနီးနဲ့စကားပြောချင်တာဖြစ်တဲ့အတွက် ကျနော် အိမ်ရှေ့ခန်းကို မထွက်ပါဘူး။ စာရေးဆရာမလေးက မြန်မာမိန်းကလေးဖြစ်ပြီး သူကိုယ်တိုင်ကိုက စစ်အစိုးရကို အတော်လေး ခါးသည်းနာကျည်းနေပုံရတဲ့အတွက် ဗမာတွေမုန်းကြောင်း သိပ်မပြောဖြစ်ဖို့ကိုတော့ ကျနော်မျှော်လင့်မိတယ်။ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံလို့နားလည်ပေးနိုင်ရမယ်မဟုတ်လား။ ကရင် ဗမာဆိုတဲ့ လူမျိုးရေးခွဲခြား တဲ့အမြင်တွေ ရှိနေသမျှ ကျနော်တို့တိုင်းပြည် ဘယ်တော့မှ ငြိမ်းချမ်းရေးရမယ်မဟုတ်ဘူး။ စိတ်ကမငြိမ်းချမ်းရင်၊ စိတ်နှလုံးမှာ လွတ်လပ်မှုပါမလာရင် အဲဒါက စစ်မှန်တဲ့လွတ်လပ်ရေး မဟုတ်နိုင်တော့ဘူး။

“ရန်သူ့တပ်ဝင်လာပြီဆိုတာနဲ့ ကျမတို့ဟာ ရိက္ခာထုတ်တွေထမ်း ကလေးကိုပိုး၊ အဝတ်ထုတ်တွေရွက်ပြီး ပြေးရတော့တာပါပဲ။ အဲဒီလိုပြေးရတိုင်း ကလေးတွေအဖေက ဘယ်တော့မှ အိမ်မှာရှိနေတာမဟုတ်ဘူး၊ ကျမနဲ့ အတူလာနေပေးတဲ့ ရဲဘော်လေးတွေနဲ့ပဲ ပြေးကြရတာပေါ့။ ရွာထဲက လူတွေက ကျမတို့ကို မကြည်ဖြူကြဘူး။ ကျမတို့လို နိုင်ငံရေးလုပ်တဲ့မိသားစုတွေကို ရွာထဲမှာလက်ခံထားလို့ အခုလို အစိုးရအမွှေခံရတာလို့ပြောတော့ ကျမလေ သူတို့ကို အားလည်းအားနာတယ်။ သူတို့ဒီလိုပြောတာလည်း ဟုတ်နေတာပဲကိုး၊ နော…. ဒါပေမယ့် ရွာနဲ့ဝေးဝေးမှာလည်း မနေရဲတော့ ရွာအပြင်က ချောင်းဘေးမှာ ကျမလင်လိုပဲ နိုင်ငံရေးသမားမိသားစုတွေလေးငါးအိမ်စုပြီး နေကြရတာပေါ့။ တကယ်လို့များကျမတို့က မြန်မြန်သိမ်းပြီးလို့ပြေးနှင့်တယ်ဆိုရင်လည်း သူတို့က သူတို့လင်တွေ နိုင်ငံရေးလုပ်လို့ လာဖမ်းတော့ သူတို့ကအရင်သတင်းရပြီး အရင်ပြေးနှင့်တယ်လို့ပြောပြန်ရော”

“အဲဒီလိုအခါတွေမှာ ဒေါ်ဒေါ်က အတီး(ဦးလေး) အပေါ်မှာ ငြိုငြင်မိသေးလား”
ကျနော်သိလည်းသိချင် မေးလည်းမမေးရဲတဲ့မေးခွန်းကို ဆရာမလေးက ရယ်ဟဟနဲ့ မေးလိုက်တယ်။ သူဘယ်လိုများဖြေမလဲ။

“အို ဒါကတော့ သူ့ ကို ကျမစတွေ့ကတည်းက သူက နိုင်ငံရေးသမားပဲဟာ၊ သူ့အလုပ်က ဒီလိုပဲ အမြဲခရီးတွေထွက်နေရတာပဲဟာ၊ ယူပြီးမှ တွေ့ရတာမှမဟုတ်ဘဲ၊ ပြီးတော့ ကိုယ့်နိုင်ငံအရေးအတွက် စိတ်သန့်သန့်နဲ့လုပ်ပေးနေတာပဲ၊ ဘာမှ စိတ်ဆိုးနေဖို့မရှိပါဘူး”

ကျနော့်ဇနီးကို ကျနော်မြတ်နိုးတွယ်တာခဲ့တဲ့ အဓိကအကြောင်းက အဲဒီသူ့ရဲ့နားလည်ခွင့်လွှတ်တတ်တဲ့စိတ်ကလေးပါပဲ။ တချို့ ကျနော့်မိတ်ဆွေတွေရဲ့ ဇနီးတွေမှာတော့ အဲဒီလို ခွင့်လွှတ်တတ်တဲ့စိတ်မရှိလို့ပဲ ထင်ပါရဲ့၊ ကိုယ့်ယောက်ျားတွေရဲ့ ငွေမရှာနိုင်မှုအပေါ်မှာ အပစ်ဖွဲ့ငြင်ညိုလာကြတာကို ကျနော်တွေ့နေရတယ်။ ဘယ်သူ့ယောက်ျားကတော့ဖြင့် နိုင်ငံခြားထွက်သွားပြီး မိသားစုကို ဘယ်လိုထောက်ပံ့နေတာဆိုတာမျိုး… ဘယ်သူကတော့ဖြင့် နိုင်ငံခြားရောက်နေတဲ့ သူ့သူငယ်ချင်းတွေဆီက ပိုက်ဆံတောင်းနိုင်လို့ ပြေလည်နေပြီ၊ တော်တောင်းရင် ဒီထက်တောင်ရအုန်းမှာ ဘာဖြစ်လို့မတောင်းတာလည်း၊ တော့်သားသမီးတွေငတ်နေတာ ကြည့်လို့ကောင်းနေတယ်ပေါ့ ဆိုတာမျိုး …

သူတို့အမေးအဖြေတွေက ကျနော့်ကို ကြေကွဲမှုထက် ကြည်နူးမှုကိုဖြစ်စေပါတယ်။ ကျနော်ကတော့ နေ့ခြောက်လ၊ ညခြောက်လဆိုတဲ့ ဒေသတခုမှာ သူ နေလို့ပျော်ပ့ါမလားလို့ တွေးနေမိတယ်၊ ကိုယ့်မိသားစုကလွဲရင် ကိုယ့်လူမှုအသိုင်းအဝိုင်းမဟုတ်တော့တဲ့ ဒေသစိမ်း၊ လူစိမ်းတွေကြားမှာ အခုမှ စကားပြောတတ်ကာစကလေးတယောက်လို စကားပြောပြန်သင်ရမယ့်အတွက် စိတ်ဖိစီးမှုတွေများနေမှာကို စိုးရိမ်မိတာပါပဲ။

(သုံး)

ကားက အုပ်ချုပ်ရေးရုံးရှေ့ကအထွက်မှာ စိတ်ခိုင်လှပါတယ်ဆိုတဲ့ ဇနီးသည်ရဲ့မျက်ရည်စကို မြင်ဖြစ်အောင်မြင်လိုက်ရပါတယ်။ သူ့အဖေနာတာရှည်ရောဂါဖြစ်နေတဲ့ အသက်ရှစ်ဆယ်ကျော်လူကြီးတယောက်အတွက် အစာအာဟာရအပြည့်အဝရနိုင်မယ့်နေရာတခုဆီ …
ငှက်ဖျားတောထဲမှာမွေးဖွားခြင်းခံခဲ့ရပြီး ငှက်ဖျားပိုးအစားခံရတဲ့ဦးနှောက်နဲ့ လူတကာကို ရယ်ပြတတ်တာကလွဲရင် စာသင်လို့မရနိုင်တော့တဲ့ သမီးလတ်အတွက် ဆေးကုဖို့အချိန်လွန်နေပြီဆိုရင်တောင်မှ လုံခြုံစိတ်ချစွာ ထားပေးနိုင်မယ့်နေရာတခုဆီကို …
နိုင်ငံ့အတွက်အသက်ပေးထားတဲ့ ကျန်းမာရေးဆုတ်ယုတ်လာသည့်တိုင်အောင် ဘယ်တော့မှ တော်လှန်ရေးနယ်မြေကို အသက်ရှင်လျက်စွန့်ခွာထွက်သွားမှာမဟုတ်တဲ့ သူ့ယောက်ျားကျနော့်ရဲ့လိုအပ်ချက်ပေါင်းများစွာအတွက် …
သူကပဲ သူ့မှာ အပစ်ရှိနေသလို နာကျင်ခံစားရင်း မျက်ရည်စက်တွေနဲ့ ထွက်ခွာသွားခဲ့ပါပြီ။

ကျနော်သူ့ကိုထားရစ်ခဲ့ပြီး ခရီးပေါင်းမရေတွက်နိုင်အောင်ထွက်ခဲ့တုန်းက အိမ်အပြန်သူ့ကိုမြင်ရမယ်ဆိုတဲ့အသိနဲ့ ဘယ်လောက်နက်တဲ့တောကိုပဲဖြစ်ဖြစ် ကျနော်တိုးရဲခဲ့တယ်။ ဘယ်လောက်နီးကပ်တဲ့ အန္တရာယ်မြေကိုဖြစ်ဖြစ် သွားရဲခဲ့တယ်။ အခု ကျနော် အိမ်မပြန်ရဲတော့ဘူး။

(လေး)

ကျနော့ဆီက ငှားထားတဲ့ နိုင်ငံ့သမိုင်းစာအုပ်လေးကို ဆရာမလေးကပြန်လာပေးရင်း စိတ်မကောင်းဟန်နဲ့ “တီးတီပိန်သွားလိုက်တာနော်၊ နေမကောင်းဘူးလား”တဲ့၊ ကျနော့ရယ်ပုံက မဲ့တဲ့တဲ့ဖြစ်နေမလားတော့မသိဘူး။
“အတီး ခရီးသွားတော့မယ်၊ တကယ်လို့စာအုပ်ဖတ်ချင်သေးတယ်ဆိုရင် ပြန်ယူသွားပါ၊ အိမ်မှာ အတီးညီမကျန်ရစ်ခဲ့လိမ့်မယ်။ သူ့ကိုလာပေးထားလိုက်ရင်ရပါတယ်”
ကလေးမမျက်နှာက အလိုမကျတဲ့ဟန် …

“အတီးကျန်းမာရေးနဲ့ ခရီးဝေး ခရီးပြင်းတွေ မသင့်ဘူးလို့ထင်တယ်နော်”
“အိမ်မှာနေတော့လည်း တယောက်တည်းဖြစ်နေတာကတကြောင်း၊ အခုတိုက်ပွဲတွေလည်းဖြစ်နေတော့ ဘယ်လိုပဲဖြစ်ဖြစ် သွားမှဖြစ်မယ်လေ၊ ကျန်းမာရေးမကောင်းတာက တကဏ္ဍပေါ့၊ ဒါက မလုပ်ရင်မဖြစ်တဲ့အလုပ်မဟုတ်လား”

တရားသောတိုက်ပွဲမှန်သမျှအောင်မြင်ရမှာပါအတီးရယ် ဆိုတဲ့ ကလေးမရဲ့ အားပေးသံကလည်း ခပ်ပျော့ပျော့သာ။ သူမမွေးခင်ကတည်းက ဖြစ်လာခဲ့သည့်ပြည်တွင်းစစ်အကြောင်း ကျောင်းနေစဉ်က သင်ခဲ့ရတဲ့ စာတွေ့တွေနဲ့ သူ့ရဲ့ စာရေးဆရာမဘဝမှာ လုပ်ခဲ့တဲ့ အင်တာဗျူးထဲက လက်တွေ့ဘဝတွေရဲ့ ကွာဟမှုအကြားမှာ ခရီးယူဇနာပေါင်း ထောင်သောင်းချီကာထုတ်ပစ်ခဲ့ရတဲ့ သူမ အားအင်တွေကြောင့် အသံစာစာလေးပင်မထွက်နိုင်တော့ဘူးထင်သည်။

အခုတော့ မိသားစုက ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံတနိုင်ငံဆီသို့ရောက်ရှိနေပြီး အိမ်မဲ့မြေမဲ့တော်လှန်ရေးသမားကြီးတယောက်ဖြစ်သော ကျနော်ကတော့ အန္တရာယ်တောကို ငယ်ငယ်တုန်းကလိုပဲ တိုးဝင်မြဲတိုးဝင်လျက်။

ခွာညို
(၂၀၀၇– ခုနှစ်၊ ဇွန်လ (၂၀) ရက်။)